
နှင်းသွေးသဒ္ဒါ
Although the trip was rough
(Chapter - 1)

# Although the trip was rough

## (1)

## [အမှောင်ကျခြင်း]

အသိစိတ်များကို အိပ်စက်ခြင်းအောက် ခေတ္တခဏ အနားယူစေကြတဲ့ ညချမ်းအချိန်အခါဝယ် အုံ့မှိုင်းနေသော မိုးကောင်းကင်ထက်မှ မိုးစက်မိုးပေါက်တို့ တဖွဲဖွဲ ကျဆင်းလာလေသည်။ မိုးချုန်းသံနှင့် တံလျှပ်အရောင်များက ထိုမိုးစက်များနဲ့အတူ ည၏အေးစက်မှုကို အဖော်ပြုနေပေ၏။

ထိုအခိုက်တွင် မိုးစက်များကြားကနေ ဝါးတောထဲသို့ သူရဲကောင်းတစ်ယောက်ဟာ ဖြတ်ပြေးသွားလေသည်။ သူ့အနောက်မှာတော့ အရိပ်သုံးရိပ်က ထပ်ကြပ်မကွာ လိုက်လာ၏။ သွေးစွန်းနေသော ဓားတစ်လက်ဆီကို ကိုင်ထားလျက် အရှေ့ကလူနောက် သဲကြီးမဲကြီး လိုက်နေကြရင်း ရုတ်တရက် လူတစ်ယောက်က ဓားတစ်လက်ကို လွှဲခုတ်လိုက်ပေသည်။

'ဝှစ်.....'

ဓားအလင်းကြောင့် အရှေ့မှပြေးနေသူသည် ကမန်းကတမ်း ရှောင်လိုက်သည်။ သို့သော်လည်း နောက်ထပ် ထိုလူသုံးယောက်၏ ပေါ့ပါးသော သိုင်းပညာနှင့် ဓားသိုင်းတို့ ပေါင်းစပ်လိုက်သောအခါ အနီသူရဲကောင်းလေးမှာ ဘယ်လိုမှ မလွတ်မြောက်နိုင်တော့ဘဲ တစ်လီလောက်အထိ လွင့်ပျံသွားရလေတော့သည်။

'ဝုန်း....ဝုန်း....'

ဒါ ဘယ်နှကြိမ်မြောက် လွင့်ပစ်ခံရခြင်းလဲ။

သုံးပတ်လေးပတ်မက လွင့်ထုတ်ပစ်ခြင်း ခံရပြီးနောက်မှာ ရှင်းလန်ရှို့လည်း သွေးနှစ်ပွက် အန်ပစ်လိုက်တော့သည်။ ပတ်ဝန်းကျင်က အရမ်းမှောင်လွန်းလှပါတကား။

ကျင့်ကြံသူတစ်ယောက်အတွက် မျက်လုံးကလည်း အရမ်းအရေးကြီးတယ် မဟုတ်လား။ အခုကဘာလဲ။ သူမျက်လုံးမမြင်ရတော့ဘူးလေ။ အဲဒါအပြင် သူ့ရဲ့ခြေတွေလက်တွေကလည်း အချုပ်ခံထားရသေးသည်။

သူသည် မှောက်ရက်အနေအထားဖြင့် တဖျောက်ဖျောက်နဲ့ မိုးစက်တွေကလည်း သူ့မျက်နှာကို ရိုက်ခတ်နေသည်။

'ဂျိန်း.....'

ကျယ်လောင်သော မိုးချုန်းသံနဲ့အတူ အရိပ်သုံးရိပ်က သူ့အနားကို ရောက်ရှိလာကြသည်။

"ဒီပုံစံအတိုင်းဆို သူမကြာခင် သေတော့မှာ.... ဘာပဲဖြစ်ဖြစ် သူက ကြယ်တာရာနန်းတော်ရဲ့ တပည့်တစ်ယောက် ဖြစ်ခဲ့တာပဲ သက်ညှာတဲ့အနေနဲ့ သူ့အလောင်းကို ဒီအတိုင်း ထားခဲ့လိုက်ရအောင်"

"ကောင်းပြီ..... ငါတို့ပြန်ကြမယ်"

အရိပ်သုံးရိပ်သည် မိုးစက်တွေကြား တိုးဝင်ရင်း အမှောင်ရိပ်ထဲမှာပဲ ပျောက်ကွယ်သွားတော့သည်။

မျက်လုံးဖွင့်ထားလည်း အသုံးမဝင်တော့တာမို့ ရှင်းလန်ရှို့ သူ့မျက်လုံးတွေကို မှိတ်ထားလိုက်တော့သည်။ ဒီကမ္ဘာက ဘာလဲ။ ဒီလောကကရော သူ့အတွက်ဘာလဲ။ ကြယ်တာယာနန်းတော် သူဘယ်လောက်ပဲ တပည့်

ကောင်းပီသစွာနဲ့ အရာအားလုံးကို လုပ်ဆောင်ပေးခဲ့ပါစေ အရာမဝင်ခဲ့ချေ။

ကြယ်တာယာနန်းတော်က လူတွေ အင်မတန် ယုတ်မာရက်စက်လွန်းသည်။ သူ့ရဲ့သိုင်းပညာတွေကို ဖျက်စီးပစ်ရုံသာမက မျက်လုံးကိုပင် ကန်းအောင်လုပ်သွားသေး၏။

မျက်လုံးက အမှောင်ကျနေပြီ။ ဖွင့်သည်ဖြစ်စေ ပိတ်သည်ဖြစ်စေ သူဘာကိုမှမြင်ရမှာ မဟုတ်တော့ဘူး။

အချိန်တွေဘယ်လောက် ကြာသွားသလဲ မသိ။ သူသတိရလာချိန်မှာတော့ သူသည် အေးစက်နေသော မိုးရွာထဲမှာ အိပ်စက်နေတာ မဟုတ်ဘဲ နွေးထွေးတဲ့ အိပ်ယာကုတင်ထက်တွင် သက်တောင့်သက်သာ လဲလျောင်းနေရသည်။

ရှင်းလန်ရှို့ မျက်လုံးတွေကို ဖွင့်ကြည့်လိုက်သော်လည်း သူ့ကိုကြိုဆိုလိုက်တာက အမှောင်ထုတစ်ခုပဲ။ ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်နေကာ တောတောင်ထဲမှာလို့ တွေးရအောင်လည်း လေသံနဲ့ ကျေးငှက်သံပင် မကြားရ။

ရှင်းလန်ရှို့ သူ့သိုင်းပညာတွေ အဖျက်စီးခံလိုက်ရသော်လည်း အကြားအာရုံကတော့ အကောင်းတိုင်း ရှိနေသေးသည်။ ဒါ့အပြင် အခုသူဟာ လုံခြုံတဲ့နေရာမှာ ရှိနေတယ်လို့လည်း ခံစားရ၏။

သူဝတ်ထားတဲ့ အဝတ်တွေကို တစ်စုံတစ်ယောက်က လဲပေးထားသည်။ သူ့တစ်ကိုယ်လုံးကိုလည်း ဆေးလိမ်းပေးထားလို့ အနွေးဓာတ်လည်းရ၏။

ဘယ်သူ သူ့ကိုကယ်ခဲ့တာလဲ။

ထိုအချိန်တွင် အပြင်ဘက်မှ ခြေသံကို ကြားလိုက်ရလို့ နားတစ်ဖက်ကို ချက်ချင်း အလုပ်ပေးလိုက်သည်။ ခြေသံပိုင်ရှင်က သူ့ဘက်ကိုလာနေပြီး

ခြေသံအရ ထိုသူသည် ကျင့်ကြံမှုအားကောင်းတဲ့လူ မဟုတ်တန်ရာ။ သူက သာမန်အရပ်သား တစ်ယောက်သာ ဖြစ်လိမ့်မည်။

'ကျွီး......'

အိုဟောင်းနေတဲ့ သစ်သားတံခါးမှာ ခပ်ဖြည်းဖြည်း အဖွင့်ခံလိုက်ရကာ လူငယ်လေးတစ်ယောက် ဝင်လာသည်။ နွမ်းပါးတဲ့ ဝတ်စုံနှင့် လူငယ်လေးသည် သူ့ကုတင်ပေါ်မှာ အိပ်နေတဲ့လူ မျက်လုံးပွင့်နေတာမြင်တော့ လန့်သွားသည်။ တစ်ဆက်တည်း သူဝမ်းလည်းဝမ်းသာသွားသည်။

"အစ်ကို..... ခင်ဗျားသတိရလာပြီလား?"

လူငယ်အသံကိုကြားတော့ ရှင်းလန်ရှို့လည်း သူ့ကိုယ်သူ ထဖို့အားယူလိုက်သည်။

"အဲ...... မထနဲ့လေ"

လူငယ်သည် သူ့လက်ထဲက ခြင်းတောင်းကို မြန်မြန်ချကာ ရှင်းလန်ရှို့ကို သွားကူလိုက်သည်။ သိုင်းပညာတွေ ဖျက်စီးခံရပြီး အရိုးတွေကျိုးကြေနေပေမယ့် သူ့ခန္ဓာကိုယ် ဖွဲ့စည်းပုံက ထူးဆန်းတာကြောင့် အရိုးတွေအားလုံး ပြန်ဆက်သွားပြီ။

လူငယ်လေးက သူ့ကို အသာပဲထိပြီး နံရံကိုမှီကာ ထိုင်နိုင်အောင် ပြုလုပ်ပေးသည်။ ကျောက သစ်သားနံ့ံရံကို ကပ်မိသွားသော် သစ်သားမှ အသံတစ်သံ ထွက်လာပြန်သည်။

ဒီအိမ်က အရမ်းဟောင်းနေပုံပဲ။

"ခင်ဗျားတောထဲမှာ လဲနေတာတွေ့လို့ ကျွန်တော် ခေါ်လာတာ...."

"ငါအခုဘယ်မှာလဲ"

"ယိရှောင်မြို့စွန်မှာပါ... ခင်ဗျားရဲ့ဒဏ်ရာတွေက အရမ်းပြင်းထန်တယ် အဲ

ဒါကြောင့် လှုပ်လှုပ်ရှားရှား သိပ်မလုပ်ပါနဲ့.... ကျွန်တော့်ချိစွမ်းအင်က အရမ်းမကောင်းလို့ ခင်ဗျားကိုတော့ မကုသပေးနိုင်ဘူး"

ခဏလောက်ကြာမှ ရှင်းလန်ရှို့က မေးလာသည်။

"မင်းက ကုသဒြပ်စင်လား"

လူငယ်လေးမှာ အံ့သြသွားသည်။

"ခင်ဗျားကိုကြည့်ကတည်းက အဆင့်မြင့် ကျင့်ကြံသူတစ်ယောက် ဖြစ်မယ်လို့ ထင်သားပဲ....ကျွန်တော့်အစွမ်းကို ခံစားမိလို့လား?"

"ငါကဒီအတိုင်း ထင်လိုက်ရုံပါပဲ"

"......."

"ကျေးဇူးပဲ...."

ထိုလူမမြင်ရတာကို သိပေမယ့် ရွှယ်နမ်သည် သူ့လက်နှစ်ဖက်ကို ဝှေ့ယမ်းပြရင်း။

"မဟုတ်တာ.... ကျွန်တော် အများကြီးအားမထုတ်လိုက်ရပါဘူး ကျွန်တော့်မှာ ပေါက်စီနည်းနည်းရှိတယ် ခင်ဗျားလောလောဆယ် အဲ့တာလေး စားထားလိုက်နော် ကျွန်တော် အရွက်နည်းနည်း ကြော်လိုက်ဦးမယ်.... အော် ဟုတ်သား ခင်ဗျားနာမည်...."

"လန်ရှို့...."

"လန်ရှို့.... ကျွန်တော်က ရွှယ်နမ်ပါ"

"အင်း"

ရွှယ်နမ် ထသွားသည်။ သူနေတဲ့အိမ်ကလေးက ကျဥ်းကျဥ်းလေး။ အထဲမှာ ကုတင်တစ်လုံးနဲ့ စားပွဲတစ်လုံးသာ ရှိသည်။ သူစောစောက ယူလာခဲ့သော ခြင်းတောင်းလေးကို အပြင်ပြန်သယ်သွား၏။

ကောင်လေးက အသက်ငယ်ရွယ်ပြီး စကားပြောတာက မနှေးမမြန်နဲ့ ပုံမှန်ပင်။ သူ့အသံက ထူးခြားစွာ နားထောင်လို့ ကောင်းတဲ့အထဲပါကာ လူကလည်း သွက်လပ်သည်။ ကောင်လေး ထွက်သွားသောအခါ ရှင်းလန်ရှို့လည်း တင်ပျဥ်ခွေ ထိုင်လိုက်သည်။

သူ့ခန္ဓာကိုယ်ဟာ အနည်းငယ် သက်တောင့်သက်သာ အနေအထား ဖြစ်နေပြီ။ သူနည်းနည်း နားစွင့်ပြီး ကောင်လေးရဲ့ အခြေအနေကို စူးစမ်းကြည့်ရသလောက်တော့ ကောင်လေးက လူချမ်းသာမဟုတ်တဲ့ သူဆင်းရဲလေးပဲ။

ကောင်လေးဝင်လာတုန်းက ပေါက်စီအနံ့တွေကို သူရသည်။ ကောင်လေးက ပေါက်စီရောင်းသူပင် ဖြစ်မည်။ သို့သော်လည်း လမ်းဘေးပေါက်စီသည်လေးက ကုသခြင်းဒြပ်စင် ရှိနေတယ်ဆိုတာ အံ့သြစရာပဲ။

အဲဒါကထား အခြေတည်အဆင့်ပင် မရောက်သေးတဲ့ လူငယ်က သူ့ကိုကုသပေးနိုင်တယ်ဆိုတော့ ဒီကလေးမှာ သေချာပေါက် ပါရမီပါလာတယ်ဆိုတာ သူသိလိုက်သည်။ ကုသခြင်းဒြပ်စင်က ရှားပါးတဲ့ ကျင့်ကြံခြင်းဒြပ်စင်ပဲ။ ကုသခြင်းဒြပ်စင်ပါတဲ့ လူဆိုရင် ဂိုဏ်းတိုင်းက လိုချင်ကြသည်။

အခုကောင်လေးသာ ဂိုဏ်းတစ်ဂိုဏ်းမှာ တပည့်အဖြစ် ဝင်ခွင့်ဖြေမယ်ဆိုရင် သေချာပေါက် နေရာတစ်ခုတော့ရလိမ့်မည်။ သို့သော်လည်း ကောင်လေးမှာ သိုင်းလောကထဲ ဝင်ရောက်ဖို့ ဆန္ဒမရှိပုံပဲ။

ရှင်းလန်ရှို့ သူ့ခန္ဓာကိုယ်ကို နည်းနည်းပါးပါး လှုပ်ရှားကြည့်လိုက်သည်။ သူလှုပ်ရှားလို့ရသည်။ ဒါကြောင့် မမြင်ရတဲ့ မျက်လုံးကို လျစ်လျူရှုကာ စောစောက ကောင်လေး ထွက်သွားရာဘက်ကို မှန်းဆ၍ ထွက်လာခဲ့တော့သည်။

ခြေလှမ်းနည်းနည်း လှမ်းပြီးသော် တံခါးရွက်များကို သူစမ်းမိသည်။ တစ်ဆက်တည်း ဟင်းရွက်ကြော်နေတဲ့ အမွှေးနံ့ တချို့က သူ့နှာခေါင်းထဲ

ဝင်လာသည်။

"ရှို့ကော.... ခင်ဗျား အပြင်ထွက်မလာသေးနဲ့လေ"

ရွှယ်နမ်က သူ့လက်တစ်ဖက်ကို လာဆွဲပြီး တွဲပေးသည်။ ထို့နောက် အိမ်ရှေ့က ကွပ်ပျစ်ကလေးပေါ်ကို တင်ပေး၍။

"ကော ဗိုက်ဆာနေပြီလား.... ကျွန်တော် အရွက်ကြော်ပြီးရင် ဆန်ပြုတ်ပြုတ်ပေးမယ်လေ"

"ကောင်လေး.... မင်းငါ့အတွက် အဲ့လောက်လုပ်ပေးဖို့ မလိုပါဘူး"

"မဟုတ်တာ.... ကျွန်တော့်မေမေက ပြောဖူးတယ် ကိုယ်ကလူတစ်ယောက်ကို ကယ်ချင်ရင် အဲဒီလူ အကောင်းပကတိ ဖြစ်လာတဲ့အထိ ဂရုစိုက်ပေးရမယ်တဲ့"

ရှင်းလန်ရှို့ရဲ့ တည်ငြိမ်တဲ့ မျက်နှာထားကိုသာ ပြုလုပ်ထားသော်လည်း သူ ရွှယ်နမ်ပြောတဲ့ စကားကို သဘောကျမိတယ်ဆိုတာတော့ အမှန်ပဲ။ သူ့အမေကလည်း ကုသခြင်းဒြပ်စင် ပိုင်ဆိုင်သူဖြစ်ခဲ့ကာ သူမ သက်ရှိထင်ရှား ရှိခဲ့စဉ်ကလည်း ထိုစကားမျိုး ပြောခဲ့ဖူးသည်။

ရှင်းလန်ရှို့ဆီက ဘာစကားမှ မကြားရတော့တာကြောင့် ရွှယ်နမ်လည်း သူ့ရဲ့ညစာ ချက်ပြုတ်ခြင်း အလုပ်ကို ဆက်လုပ်နေလိုက်သည်။ သူတစ်ချက်တစ်ချက် ရှင်းလန်ရှို့ကို ပြန်ကြည့်ရသေးသည်။

သူကယ်ထားတဲ့သူက မျက်စိကန်းနေသလို ကျင့်စဉ်စွမ်းအင်တွေလည်း ဖျက်စီးခံထားရသေးသည်။ ကံမကောင်းလိုက်တာများ။ သူကြည့်မိကတည်းက ရှင်းလန်ရှို့က လူဆိုးတစ်ယောက် မဟုတ်ဘူးဆိုတာကို သိသည်။

ဒါကြောင့် ရှင်းလန်ရှို့ကို သူကယ်ခဲ့တာပင်။ ညစာများ ရရှိသောအခါ သူ

တို့နှစ်ယောက် အိမ်ထဲက စားပွဲလေးမှာ ညစာအတူစားကြသည်။ ရွှယ်နမ် ရှင်းလန်ရှိုလက်ထဲက ထမင်းပန်းကန်နဲ့ တူတစ်စုံကို ထည့်ပေးသည်။

"ကျွန်တော့်မှာ ဆန်သိပ်မရှိလို့ ဆန်ပြုတ်မလုပ်ပေးနိုင်တာပါ...."

ကောင်လေးအသံက သူ့အလုပ်အပေါ် အနည်းငယ် ရှက်ရွံ့စိတ်ပေါ်နေပုံပင်။

"မဟုတ်တာ.... ငါအဲ့တာမသောက်လည်း ရတယ် တကယ်တော့ ငါဒီမြို့နာမည်ကို မရင်းနှီးဘူး.... ဒီမြို့မှာ ဘယ်လို ကျင့်ကြံခြင်းဂိုဏ်းတွေရှိလဲ မင်းပြောပြပါလား"

ရွှယ်နမ် ထမင်းပလုတ်ပလောင်းနဲ့ ခဏစဥ်းစားကြည့်လိုက်သည်။ ပြီးမှ။

"ယိရှောင်မြို့က အရမ်းကျယ်တယ်... မြို့ရဲ့တောင်ဘက်မှာတော့ ကျင့်ကြံတဲ့ ဂိုဏ်းတစ်ဂိုဏ်းရှိတယ် နာမည်က လိပ်ပြာဝင်ရိုးတဲ့...."

"လိပ်ပြာဝင်ရိုး?.... ဒါဆို ယိရှောင်မြို့က ချောင်ရှကုန်းမြေထဲကပေါ့"

"ဟုတ်တယ် ဟုတ်တယ်.... ယိရှောင်မြို့က ကုန်းမြေတိုက်ကြီးလေးတိုက်ထဲမှာ အနိမ့်ဆုံးလေ.... ယိရှောင်မြို့မှာဆို ပါရမီကောင်းတဲ့ ကျင့်ကြံသူတွေ သိပ်မရှိကြဘူး သူတို့အားလုံးက ဒီထက်မြင့်တဲ့ ကုန်းမြေတွေကိုပဲ သွားကြတယ်လေ"

"မင်းရော....."

"ကျွန်တော်.....အဟဲ ကျွန်တော်က ပါရမီမကောင်းဘူးလေ တကယ်တော့ ချောင်ရှကုန်းမြေထဲက လိပ်ပြာတစ်သောင်းကျောင်းတော်ကို သွားချင်တာ ဒါပေမဲ့ ကျွန်တော့်မှာ အခြေခံမရှိဘူး.... ပိုက်ဆံလည်းမရှိဘူး"

"မင်း.... ပေါက်စီရောင်းတယ် မဟုတ်လား?"

"ကောရယ် ပေါက်စီရောင်းတာက ဘယ်လောက်မှ မရဘူးလေ.... အဲဒါကြောင့်...."

ရွှယ်နမ်သည် သူ့အခြေအနေကို ရှင်းလန်ရှို့ ရိပ်မိသွားလောက်ပြီလို့ထင်ကာ ရှက်ရွံ့စွာနဲ့ စကားဆက်မပြောတော့ချေ။ ရှင်းလန်ရှို့ကလည်း ဆက်မမေးဘဲ သူတို့နှစ်ယောက် ညစာ စားခဲ့ကြသည်။

အိပ်ကုတင်က နည်းနည်းကျယ်လို့ သူတို့နှစ်ယောက် ကောင်းကောင်းမွန်မွန် လဲလျောင်းအိပ်စက်လို့ရသည်။ ဒီနေ့ ရှင်းလန်ရှို့က ကျင့်ကြံတာနဲ့ ပတ်သက်၍ မေးခွန်းနည်းနည်း မေးလိုက်တာက သူ့ကိုစောစောအိပ်လို့မရအောင် လုပ်လိုက်လေသည်။

ရှင်းလန်ရှို့ သူ့ရဲ့နားရွက်ကိုသာ အားကိုး၍ ရွှယ်နမ်ရဲ့ အိမ်ဝိုင်းကို လိုက်စစ်ဆေးကြည့်သည်။ အနံ့အသက်အပါအဝင် အနေအထား ပုံစံတွေအားလုံးကို သူမှတ်ထားလိုက်သည်။ ရွှယ်နမ်က ကောင်းတဲ့ကောင်လေး တစ်ယောက်ပဲ။ သူက သူ့ရဲ့စွမ်းအားကို ကောင်းကောင်းမသုံးတတ်ပေမယ့် လူကိုတော့ အစွမ်းကုန် ကုသပေးထားသည်။

ဒါကြောင့်မို့ ရှင်းလန်ရှို့ဘက်က တစ်ခုခုတော့ တုံ့ပြန်ပေးရမည်သာ။

ရှင်းလန်ရှို့ အခန်းထဲပြန်ဝင်လာတော့ ရွှယ်နမ် မအိပ်သေးဘဲ ကုတင်ပေါ်မှာ ဟိုလိုမ့်ဒီလိုမ့် လုပ်နေတာကို ကြားလိုက်ရသည်။ တံခါးရွက်ကလေး နှစ်ရွက်ကို ခပ်သာသာ တွန်းပိတ်လိုက်သောအခါ ရွှယ်နမ်က သူပြန်ရောက်လာကြောင်း သိကာ လှည့်ကြည့်လာ၏။

"ကော....."

ရှင်းလန်ရှို့က သူ့ဆီကို တည့်တည့်လျှောက်သွားပြီး အမှားမရှိ ကုတင်ဘေးတွင် နေရာယူလိုက်သည်။

"ကော..... တကယ်တော့လေ ကျွန်တော် ကျင့်ကြံချင်ပါတယ် ဒါပေမဲ့ ကျွန်တော် ဘယ်ကနေဘယ်လိုစ လုပ်ရမှန်းကို မသိဘူး"

"မင်းတကယ် ကျင့်ကြံချင်တယ်ဆိုရင် ငါကူညီပေးနိုင်တယ်"

"တကယ်လား...."

"အွန်း.... ကုသရေးဒြပ်စင်က အရမ်းရှားတဲ့ ဒြပ်စင်မလို့ မင်းအနေနဲ့ လူပုံအလယ်မှာ ချပြလို့မရဘူး အဲဒါကိုတော့ သိတယ်မဟုတ်လား...."

"ဟုတ် သိပါတယ်... ကျွန်တော်က အခုမှချီအဆင့်ပဲရှိသေးတယ်.... တကယ်လို့ ကျွန်တော် ကောရဲ့မျက်လုံးကို ကုသပေးချင်ရင် ကျွန်တော် ဘယ်အဆင့်လောက်အထိ ကျင့်ကြံရမှာလဲ"

ဒီကောင်လေးရဲ့ နှလုံးသားက အရမ်းဖြူစင်ရိုးသားတာကို တစ်စတစ်စ ပိုပိုပြီး မြင်လာရသည်။ ကောင်လေးက သူ့စွမ်းအင်အကြောင်းကို ကောင်းကောင်းသိသော်လည်း သူ့ရှေ့ကလူနာကိုတော့ ကောင်းတဲ့အထိ ပြန်ကုသပေးချင်နေသည်။

ရှင်းလန်ရှို့ဆီက သက်ပြင်းချသံကို ကြားလိုက်ရသည်။

"ကိုယ့်မျက်လုံးကို ကုသဖို့က အရမ်းခက်ခဲလိမ့်မယ်.... "

"ဒါပေမဲ့ ရှို့ကောရဲ့မျက်လုံး ပြန်ကောင်းလာတဲ့အထိ ကျွန်တော်က ကုသပေးချင်တာ"

"မင်းဘာဖြစ်လို့ အဲ့လောက်တောင် တက်ကြွနေရတာလဲ"

"ဘာလို့လဲဆိုတော့ မေမေကပြောတယ်.... ကျွန်တော်ရဲ့ စွမ်းအားကိုသုံးပြီး လူတစ်ယောက်ကို အစွမ်းကုန် ကုသချင်နေပြီဆိုရင် အဲဒီလူက ကျွန်တော်သဘောကျတဲ့သူပဲတဲ့"

"......."

ရှင်းလန်ရှို့ တိတ်ဆိတ်သွားရတော့သည်။ ရွှယ်နမ်က အတည်ပေါက်ကြီးနဲ့ ပြောနေတာပဲ။ သူ့အမေက တခြားသဘောတစ်ခုနဲ့ ပြောသွားတာ ဖြစ်နိုင်သော်လည်း ရွှယ်နမ်ကတော့ ဖြူစင်ရိုးသားသူလေးပီပီ နားလည်မှု လွဲနေချေပြီ။

***

(2)

[မင်းနဲ့အတူခပ်ကြာကြာနေမယ်]

နောက်တစ်နေ့ မနက်မှာ ရွှယ်နမ် မနက်အစောကြီးထသည်။ ပေါက်စီရောင်းရမယ့် သူ့တာဝန်က ရှိသေးသည်လေ။ သူအစောကြီးထပြီး ဖယောင်းတိုင်ထွန်းကာ မနေ့ကဝယ်လာတဲ့ ဂျုံတွေကို ဇလုံကြီးတစ်ခုထဲ ထည့်လိုက်၏။

အခန်းက ကျဥ်းလို့ ရွှယ်နမ် လှုပ်ရှားနေသမျှကို ရှင်းလန်ရှို့ ကောင်းကောင်းကြီးကြားနေရသည်။ ဒါကြောင့် သူလည်းထလိုက်ပြီး ရွှယ်နမ်ရဲ့ လှုပ်ရှားမှုတွေကို နားစွင့်နေလိုက်သည်။ ကုသရေးဒြပ်စင် ရှိသူတွေက တိုက်ခိုက်ရေးနည်းလမ်းတွေကို ကျင့်ကြံလို့မရချေ။

သူတို့ရဲ့အရိုးနဲ့ အမြုတေက အရမ်းနူးညံ့ကြသည်။ ကုသရေးဒြပ်စင်အပြင် တခြားဒြပ်စင်တစ်ခုပါ ရောပါနေရင်တော့ ထိုသူကတော့ ကံကောင်းတဲ့လူသားပင်။

ရှင်းလန်ရှို့ သူ့မှာ ကျင့်ကြံထားတဲ့ စွမ်းအင်တွေ မရှိတော့သော်လည်း အခြေခံတိုက်ကွက်တွေတော့ တက်မြောက်ထားသေးသည်လေ။ ဒါ့အပြင် သူ့နားကလည်း ကောင်းကောင်း အလုပ်လုပ်သေးသည်။

ရွှယ်နမ်က အခြေခံတိုက်ကွက်ကလေးတောင် မသင်ထားတဲ့ လူငယ်လေးပင်။

"ငါဒီနေ့မင်းနဲ့ လိုက်ခဲ့မယ်"

ရွှယ်နမ်က လှည့်ကြည့်လာသည်။

"ဖြစ်ပါ့မလား.... ရှို့ကောက ရက်ရက်စက်စက် တိုက်ခိုက်ခံထားရတာ ရှို့ကောကိုလုပ်ကြံတဲ့သူက သေချာပေါက် လူကောင်း မဟုတ်နိုင်ဘူး.... အခုအချိန် သူတို့ရှို့ကောရဲ့ အလောင်းကိုမတွေ့ရင် သေချာပေါက် လိုက်ရှာကြမှာလေ"

"သူတို့မရှာပါဘူး...."

သူတို့ဘယ်လိုမှ သူ့ကို အသေသတ်ရဲမှာ မဟုတ်ဘူး။ သူသာ သေသွားခဲ့ရင် ကြယ်တာယာနန်းတော်က ရှေးဟောင်းရွှေနဂါးက ခံစားမိလိမ့်မည်။ ရှေးဟောင်းနဂါးကို ကြယ်တာယာနန်းတော်ကလူတွေ အသေကြောက်ကြတာကြောင့် သူ့အသက်ကိုတော့ဖြင့် ချန်ထားကြလိမ့်မည်။

ရှင်းလန်ရှို့က လိုက်ဖို့ သေချာနေတာကြောင့် ရွှယ်နမ်လည်း မတားတော့ပေ။

"ကိုယ့်ကိုအဲဒီဂျုံတွေပေး....."

"ရတယ် ရတယ်.... ကျွန်တော်က လူကောင်းမလို့ ကျွန်တော့်ဘာသာသယ်လိုက်မယ်"

"ဒါဆိုကိုယ့်ကို တစ်ခုခုပေးလေ"

"ရတယ် ရတယ်.... ကျွန်တော် အရှေ့မှာ လှည်းလေးရှိတယ် အဲ့ထဲကိုထည့်ပြီး တွန်းသွားလို့ရတယ်လေ..."

ရွှယ်နမ် ရှင်းလန်ရှို့ကို တစ်ခုမှ မသယ်ခိုင်းပေ။ သူ့ဘာသာတစ်ယောက်တည်း ပစ္စည်းတွေကို ခေါက်တုံ့ခေါက်ပြန်သယ်နေသည်။ တွန်းလှည်းက သေးသေးလေး ဖြစ်ပြီး ရွှယ်နမ်ဈေးရောင်းမယ့် ပစ္စည်းတွေကလည်း သိပ်အများကြီးမဟုတ်ချေ။

ရွှယ်နမ် အားလုံးကို သယ်ပြီးသွားသောအခါ အဖြူရောင်အဝတ်သန့်သန့်လေးတစ်ခုကို ယူ၍ တွန်းလှည်းနားက ရှင်းလန်ရှို့ဆီကို ရောက်လာသည်။ တိုက်ခိုက်ခံရတဲ့နေ့က သူ့အဝတ်အစားတွေက စုတ်ပြဲနေပြီမို့ ရွှယ်နမ်ကသူ့ကို အဝတ်လဲပေးထားသည်။

အဝတ်အစားတွေက သိပ်အကောင်းကြီး မဟုတ်ပေမယ့် အဖာအထေးမရှိ။ ရွှယ်နမ် ရှင်းလန်ရှို့အနားရောက်တော့။

"ရှို့ကော... အောက်ကိုနည်းနည်း ငုံ့လိုက်ပါလား ကောရဲ့မျက်လုံးကနေရောင်နဲ့ထိလို့ သိပ်အဆင်မပြေသေးဘူး ဒီပိတ်နဲ့စည်းထားရမယ်"

"ကောင်းပြီ"

ရှင်းလန်ရှို့ ထိုကောင်လေးသူ့မျက်လုံးကို စည်းပေးလို့ရအောင် အောက်ကိုငုံ့ပေးလိုက်သည်။ ရွှယ်နမ်က အနားကပ်လာပြီး ပိတ်အဖြူနဲ့ စည်းပေး၏။ သူ့မှာအရပ်က အရမ်းပုနေတာကြောင့် ရှင်းလန်ရှို့ ကိုင်းပေးတာတောင် သူ့မှာခြေဖျားထောက်နေရတုန်း။

ပိတ်သားသေးသေးလေး သူ့မျက်လုံးကို စည်းပေးလာတဲ့အခါမှာ မနေ့ကနှာခေါင်းထဲဝင်လာတဲ့ ပေါက်စီအနံ့သင်းသင်းလေးအစား တခြား မွှေးရနံ့တစ်ခုက ဝင်လာသည်။

ဟုတ်ပြီ။ ဒါက ကောင်လေးရဲ့အနံ့ဖြစ်မယ်။ မျက်စိမမြင်ရတဲ့အတောအတွင်း ကောင်လေးကို ရှာနိုင်ဖို့ ဒီအနံ့အသက်က အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်တယ်မဟုတ်လား။

"ရသွားပြီ... ကျွန်တော်တို့သွားရအောင် ကျွန်တော့်နောက်ကနေပဲ သေချာကပ်လိုက်ခဲ့နော်"

"ကောင်းပြီ"

ကောင်လေးပြောတဲ့အတိုင်း သူကောင်လေးရဲ့ အနောက်ကနေ လိုက်ခဲ့သည်။ ရွှယ်နမ်ဆီက အနံ့သင်းသင်းလေးဟာ သူ့နှာခေါင်းထဲ တိုးဝင်နေဆဲ။ ရွှယ်နမ်က လူချစ်လူခင်ပေါ်တဲ့ ကောင်လေးပင်။ သူတို့ဆိုင်ခင်းဖို့ ထွက်လာရာ လမ်းတစ်လျှောက်မှာ ဈေးခင်းနေကြတဲ့ လူတွေက ရွှယ်နမ်ကို ဖော်ဖော်ရွေရွေ နှုတ်ဆက်နေကြသည်။

သူတို့ နာရီဝက်ကြာကြာလောက် လမ်းလျှောက်လာပြီးသောအခါ ရွှယ်နမ်ဆိုင်ခင်းမယ့်နေရာသို့ ရောက်လာခဲ့၏။ နေမထွက်သေးတဲ့ အစောကြီး ဖြစ်နေတာကြောင့် ဈေးဝယ်တွေမရှိဘဲ ဈေးသည်တွေနဲ့သာ ပြည့်နေသည်။

ရွှယ်နမ်ရဲ့ဘေးမှာတော့ ခေါက်ဆွဲရောင်းနေတဲ့ လင်မယားက ဆိုင်ခင်းနေကြသည်။

ရွှယ်နမ် - "ဦးလေးချဲ့ ဒီနေ့အရမ်းစောတယ်နော်"

ဦးလေးချဲ့ဆိုသူသည် ခေါက်ဆွဲဆိုင်ခင်းနေသူ အသက်၄၀အရွယ် ရှိပြီး သူ့ဇနီးဖြစ်သူနဲ့ သက်တူရွယ်တူပင်။ ဦးလေးချဲ့က သူ့ရဲ့စားပွဲတွေကိုသုတ်ရင်း ရွှယ်နမ်ကို လှည့်ဖြေသည်။

"ဟုတ်တယ်... မကြာခင်မှာ လိပ်ပြာဝင်ရိုးအိမ်တော်က မွေးနေ့စားသောက်ပွဲကြီး တစ်ခုလုပ်မယ်ကြားတယ်.... ဧည့်သည်တွေလည်း တော်တော်များများ လာကြမှာတဲ့ အဲဒါကြောင့်ငါလည်း စောစောဆိုင်လာခင်းတာလေ"

ရွှယ်နမ် ရှင်းလန်ရှို့ ထိုင်ဖို့အတွက် သစ်သားခုံလေးတစ်လုံး ဆွဲယူလိုက်သည်။ သူသည် ဦးလေးချဲ့ပြောတာကိုကြားတော့ မျက်လုံးပြူးပြူးလေးနဲ့ တုံ့ပြန်လိုက်သည်။

"တကယ်လား...."

ရွှယ်နမ် ရှင်းလန်ရှို့ကိုဆွဲ၍ ထိုင်ခိုင်းလိုက်သည်။

"ဒါဆို ကျွန်တော် အဲဒီသတင်းကို မကြားလိုက်မိဘူး... ကောင်းတာပေါ့ လိပ်ပြာဝင်ရိုးအိမ်တော်မှာ ပွဲတော်လုပ်မယ်ဆိုရင် ဧည့်သည်တွေအများကြီး လာကြမှာ ဒါဆိုကျွန်တော်လည်း ပေါက်စီများများလုပ်ထားမယ်...."

ရွှယ်နမ်တက်ကြွသွားသည်။ ထိုအခါ အဒေါ်ချဲ့ကလည်း ရယ်မော၍။

"အားနမ် သားရဲ့ပေါက်စီလက်ရာက အရမ်းကောင်းတော့ ရောင်းကောင်းမှာ သေချာပါတယ်..."

"ဟီးဟီး....."

ရွှယ်နမ်ရယ်လိုက်ပြီး တွန်းလှဲလေးပေါ်က သူ့ပစ္စည်းတွေကို စတင်ချတော့သည်။ အန်တီချဲ့က ခေါက်ဆွဲလုပ်ဖို့အတွက် ဂျုံတွေကို နယ်နေသည်။ ဦးလေးချဲ့ကတော့ စားပွဲတွေ သုတ်ပြီးပြီဖြစ်လို့ အသားတွေကို အရသာရှိရှိ ချက်ပြုတ်ဖို့ လှီးနေ၏။

အဒေါ်ချဲ့က မသစ်မနွမ်း အဝတ်အစားကို ဝတ်ဆင်ထားကာ ခေါင်းပေါ်မှာလည်း တဘတ်တစ်ထည်ကို ပေါင်းထားသည်။ သူမသည် ဒီနေ့ကျမှ ရွှယ်နမ်က လူတစ်ယောက်ကို ထူးထူးဆန်းဆန်း ခေါ်လာတာကြောင့် ခဏခဏ ဆိုသလို လှည့်ကြည့်နေ၏။

လူငယ်က နတ်ဘုရားဆန်တဲ့ ရုပ်ရည်မျိုး။ ခန္ဓာကိုယ်ကလည်း တောင့်တောင့်တင်းတင်းရှိသည်။ မျက်လုံးကိုစည်းထားပုံကလည်း ထူးဆန်းနေသေးသည်။

ရှင်းလန်ရှို့သည် မျက်စိမမြင်ရတာကြောင့် အဒေါ်ချဲ့က သူ့ကိုစပ်စုနေတာကို မသိချေ။ သူစဥ်းစားနေတာက ဒီယိရှောင်မြို့နဲ့ ကြယ်တာယာကုန်းမြေက ဘယ်လောက်တောင် ဝေးသလဲဆိုတာပင်။ လက်ရှိသူသည် ကျင့်ကြံမှု

တွေ ဆုံးရှုံးထားရပြီး မျက်စိကလည်း ကွယ်နေတာမို့ ထိုနေရာကိုပြန်ဖို့ လောလောဆယ်မှာ မဖြစ်နိုင်သေး။

အဒေါ်ချဲ့က ပွင့်လင်းလှသည်။ သူက ဂျုံနယ်တွေကို တစေနဲ့ရောနယ်ပြီး ခဏအုပ်ဖို့လုပ်နေတဲ့ ရွှယ်နမ်အား လှမ်းမေးလေ၏။

"အားနမ်.....သူကဘယ်သူလဲ"

"ဟင်... အော် ကျွန်တော့်ရဲ့မိတ်ဆွေပါ"

"အို မင်းတို့ကိုကြည့်ရတာ အရမ်းရင်းနှီးတဲ့ပုံ ပေါက်နေတော့ အဒေါ်က မင်းရဲ့ လက်တွဲဖော်လို့တောင် ထင်နေတာ...."

ရွှယ်နမ်နားရွက်ကလေးတွေ ရဲသွားသည်။ အဒေါ်ချဲ့က နောက်တိနောက် တောက်တွေ အရမ်းပျော်တတ်တာပဲ။

"အဒေါ်က မနောက်ပါနဲ့.... သူနဲ့ကျွန်တော်က ရိုးရိုးသားသား မိတ်ဆွေ တွေပါ"

ရွှယ်နမ်က ဂျုံကိုအုပ်ထားတုန်း ရေနွေးတည်ဖို့ ထင်းများကိုတွန်းလှည်း ပေါ်ကနေ ယူနေသည်။ မီးမွှေး၍ အိုးအပြည့်ရေဖြည့်လိုက်၏။ အိုးပေါ်မှာမှ ပေါက်စီပေါင်းဖို့အတွက် စကာခြင်းတွေကို ထပ်တင်လိုက်သည်။

ရှင်းလန်ရှို့ တစ်ချိန်လုံး ပတ်ဝန်းကျင်နဲ့ ရွှယ်နမ်ရဲ့ လှုပ်ရှားမှုတွေကို နားစွင့်နေလေရာ ရွှယ်နမ် အလုပ်လုပ်သွားတာ တိကျပြောင်မြောက်ပြီး မြန်ဆန်သည်။ ရွှယ်နမ်သည် ကျင့်ကြံရေးလမ်းကြောင်းမှာ တစိုက်မတ်မတ် ကျင့်ကြံရင် အနာဂတ်မှာ တောက်ပတဲ့ကြယ်တစ်ပွင့်ဖြစ်လာမှာ။

ရွှယ်နမ်ကတော့ ရှင်းလန်ရှို့ရဲ့အတွေးတွေကို မသိဘူးလေ။ သူက ညက ပြုတ်ထားတဲ့ ကြက်သားတွေကို ပေါက်စီအဆာအဖြစ် ထည့်ဖို့ပြင်ဆင် နေသည်။ ဂျုံက တစ်နာရီလောက် နှပ်ထားဖို့လိုတာကြောင့် ဒီကြားထဲ

အဆာထည့်ရမယ့် အရာတွေကို ပြီးစီးအောင်လုပ်သည်။

ယိရှောင်မြို့ရဲ့ မနက်ခင်း ဈေးတန်းက ဈေးဆိုင်ခင်းသူတွေနှင့် သက်ဝင်စည်ကားနေသည်။ တချို့တွေကလည်း မိမိဘာသာ သီးသန့်နေကြသလို တချို့တွေကျတော့လည်း ဈေးသည်အချင်းချင်း ရင်းရင်းနှီးနှီး ရှိကြသည်။

တစ်နာရီကြာသော် ရွှယ်နမ် ပေါက်စီတွေလုံးကာ အဆာထည့်ပြီး ရေနွေးငွေ့ဖြင့် ပေါင်းထားလိုက်သည်။ အလုပ်တွေအားလုံး ပြီးစီးသွားသောအခါ ရွှယ်နမ် ရှင်းလန်ရှို့ဘေးကို ပြေးထိုင်လိုက်သည်။

"ရှို့ကော.... ဗိုက်ဆာပြီလား"

"မင်းရော...."

ရှင်းလန်ရှို့က တစ်ချိန်လုံး ငြိမ်နေခဲ့ပြီး သူအလုပ်လုပ်တာကို ဘာတစ်ခုမှ အနှောက်အယှက်မပေးချေ။

"ကျွန်တော်တို့ မနက်စာကို ဦးလေးချဲ့တို့ဆီက ခေါက်ဆွဲဝယ်စားကြမလား"

"ကောင်းပြီ ကိုယ်မင်းကိုဝယ်ကျွေးမယ်"

"မလုပ်ပါနဲ့... ကျွန်တော်က အိမ်ရှင်ပဲ ကျွန်တော်ဝယ်ကျွေးပါ့မယ်"

"မင်းကကိုယ့်ကို ကယ်ထားတာလေ... ကိုယ်ဖြင့်မင်းကို ကောင်းကောင်းတောင် ကျေးဇူးမဆပ်ရသေးဘူး ပြီးတော့ ကိုယ်မင်းနဲ့အတူ ခပ်ကြာကြာနေဦးမှာ"

"တကယ်လား"

ရွှယ်နမ် ပျော်သွားသည်။ သူသည် မိဘနှစ်ပါး မရှိတော့ကတည်းက တစ်ယောက်တည်းနေလာခဲ့တာ အလွန်အထီးကျန်လှသည်။ ရှင်းလန်ရှို့ကို ကယ်လာခဲ့စဥ်က သူ့မှာ အဖော်တစ်ယောက်တော့ ရလာပြီလို့ စိတ်ထဲ

တွေးမိသေးသည်။ အခုအချိန်မှာ ရှင်းလန်ရှိုက သူနဲ့အတူနေဦးမှာတဲ့လေ။

ရွှယ်နမ် ဦးလေးချဲ့ဆီက ခေါက်ဆွဲနှစ်ပွဲမှာလိုက်သည်။ ရှင်းလန်ရှိုက ထပ်ပေါင်း၍ အသားများများ ထည့်ပေးဖို့ပြောရင်း ဦးလေးချဲ့ကို ငွေစများ ပေးလိုက်သည်။

ကြယ်တာယာနန်းတော်မှာ နေတုန်းက ရှင်းလန်ရှိုသည် သူဌေးတစ်ယောက်ဖြစ်လေရာ သူ့အနေနဲ့ ရွှယ်နမ် ကောင်းကောင်းမွန်မွန် နေထိုင်စားသောက်နိုင်အောင် လုပ်ပေးလိုက်လို့ရသည်။ သို့သော် ရွှယ်နမ်ရုတ်တရက် ချမ်းသာသွားရင် ပတ်ဝန်းကျင်က အာရုံစိုက်လာ၏။

အာရုံစိုက်ခံရတာက သိပ်အဆင်မပြေလှ။ ကြယ်တာယာနန်းတော်က ဒီနဲ့ဆို အရမ်းဝေးသော်လည်း သူ့သေမသေ ရှာဖွေနေသူတွေလည်း ရှိလောက်သည်။ ဒါကြောင့်မို့ သတိထားရမည်။

မနက်စာ ရသောအခါ သူတို့နှစ်ယောက် အတူတူစားလိုက်သည်။ ရွှယ်နမ်ကြောင့် သူတို့နှစ်ယောက်ကို ဦးလေးချဲ့က အသားများများ ပိုထည့်ပေးလေသည်။ မကြာခင်မှာပဲ မနက်ခင်းဈေးဝယ်သူများ ရောက်ရှိလာကြရာ ရွှယ်နမ် ဈေးစရောင်းရတော့သည်။

တစ်ခါတလေ ဈေးဝယ်မရှိရင် ရွှယ်နမ်က ရှင်းလန်ရှို့အနားလာထိုင်ပြီး စကားတွေပြောသည်။

"ဒီနေ့တကယ်ကြီး လူတွေများလာတယ်သိလား.... ကျွန်တော်တို့ ယိရောင်မြို့မှာဆို လိပ်ပြာဝင်ရိုးအိမ်တော်က အင်အားအကြီးဆုံး ကျင့်ကြံရေးကျောင်းလေ လူတိုင်းက အဲဒီနေရာမှာ တပည့်ခံပြီး ကျင့်ကြံချင်ကြတာ.... အခုမွေးနေ့ပွဲတစ်ခု ရှိမယ်ဆိုတော့ ကျင့်ကြံသူတွေလာတက်ကြပြီး ဝင်ခွင့်ရဖို့ ကြိုးစားကြမှာလေ...."

ရှင်းလန်ရှို့ ရွှယ်နမ်ဘက်ကို ခေါင်းစောင်းလိုက်သည်။

"မင်းရော ကျင့်ကြံချင်လား"

"ကျွန်တော် ကျင့်ကြံချင်ပေမယ့် အဲဒီလိုစည်းကမ်းတွေနဲ့ နေရတဲ့နေရာမှာတော့ မနေချင်ဘူး"

ရွှယ်နမ်တိုးတိုးလေး ပြောလိုက်သည်။ ပတ်ဝန်းကျင်မှာက လိပ်ပြာဝင်ရိုးအိမ်တော်ကို အမြင်ကြည်ကြသူများကြသည်လေ။ သူပြောလိုက်တဲ့စကားက ပြဿနာတစ်ခုရဲ့ အစလည်း ဖြစ်သွားနိုင်သည်။

ရှင်းလန်ရှို့ ပြုံးလိုက်သည်။ ရွှယ်နမ်က လွတ်လွတ်လပ်လပ် ပျံသန်းချင်တဲ့ ငှက်ကလေးတစ်ကောင်လိုပဲ လှောင်ချိုင့်ဆိုတဲ့ စည်းကမ်းတွေကြားထဲမှာ သူမနေချင်ဘူး။

တစ်အောင့်ကြာတော့ ရွှယ်နမ်ဆီကို ဈေးဝယ်သူတစ်ယောက် ရောက်လာသည်။ ရွှယ်နမ်က ထမသွားခင် ရှင်းလန်ရှို့အနားကိုကပ်၍ တိုးတိုးကလေးဆိုခဲ့လိုက်သေးသည်။

"အခုလာနေတာ လိပ်ပြာဝင်ရိုးအိမ်တော်က အန်တီမာစစ်လေ... သူက လိပ်ပြာဝင်ရိုးအိမ်တော်ရဲ့ အစေခံတွေကို အုပ်ချုပ်ရတာ...."

"ရွှယ်နမ်...."

"လာပါပြီ...."

အန်တီမာစစ်ဆိုသူ အမျိုးသမီးသည် အစေခံမိန်းကလေး သုံးယောက်ခြံရံလျက် ရောက်လာသည်။

"ရွှယ်နမ်.... နင့်အတွက် ငွေအိတ်ကြီးပိုက်ရမယ့် အခွင့်အရေးရပြီနော်"

ရွှယ်နမ် မျက်တောင်လေးတွေကို ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်သည်။

"အန်တီမာစစ် ဘာကိုပြောတာလဲဟင်"

"ဒီလိုလေ.... အိမ်တော်မှာ ပွဲတစ်ခုရှိတယ် အဲဒါသခင်မဇွကြ ပွဲတော့မှာ တည်ခင်းမယ့်အထဲ ပေါက်စီထည့်ချင်တာ... သူကနင့်ရဲ့ပေါက်စီအရသာကို ကြိုက်တယ်လေ အဲဒါကြောင့် မနက်ဖြန်မနက် ၅နာရီလောက် ပေါက်စီ အလုံး ၂၀၀ လိုချင်တယ်ဆိုတဲ့အကြောင်း လာပြောတာ"

"ဟင်!"

ရွှယ်နမ်အံ့သြသလို သူ့ကိုယ်သူလည်း မယုံနိုင်အောင်ဖြစ်နေတော့သည်။ အန်တီမာစစ်က ရွှယ်နမ်ရဲ့လက်မောင်းကို ရိုက်လိုက်သည်။

"ဘယ်လိုလဲ....သဘောတူလား"

"ကျွန်တော် သဘောတူတယ် ကျွန်တော် သဘောတူတယ်.... အန်တီမာ စစ်ရယ် ကျေးဇူးတင်လိုက်တာ ကျွန်တော် ပိုက်ဆံတွေအများကြီးရရင် သေချာပေါက် အန်တီကိုသေချာပေါက် ကျေးဇူးဆပ်မှာပါ"

အန်တီမာစစ်သည် အင်မတန် တောက်ပသောအပြုံးဖြင့် ရွှယ်နမ်အား သူ့ ကိုအားနာစရာမလိုကြောင်းနှင့် ကျေးဇူးဆပ်ဖို့လည်း မလိုကြောင်းပြောကာ ထွက်သွားလေသည်။ ရွှယ်နမ် အရမ်းပျော်နေတာကြောင့် တစ်ချက်နှစ်ချက် ခုန်ပေါက်ပြီး အနောက်က ရှင်းလန်ရှို့လက်မောင်းကိုလည်း ပြေးဖက် လိုက်၏။

***